မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
**Forum for Democracy in Burma**

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက် နှင့် ငြိမ်းချမ်းရေးဆိုင်ရာ အဆိုပြုချက်

၁။ မြန်မာတို့၏ နှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတကာတွင် ရောက်ရှိနေကြသော နိုင်ငံသူနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သလိုက်ပါသည်။

၂။ ပြည်သူတရပ်လုံးသည် ဓားမိုးအုပ်ချုပ်ခံနေရမှု၊ ဥပဒေ၏ အကာအကွယ်ကင်းမဲ့နေမှု၊ ဆင်းရဲမွဲတေမှုစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဒုက္ခများကိုကျော်လွှန်နိုင်ရန် ၂၀၁၅ခုနှစ်အထွေထွေရွေးကောက်ပွဲကြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ကို အပြတ်အသတ် မဲပေး ရွေးချယ်ခဲ့ကြခြင်းနည်းတူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD) ဦးဆောင်သည့် ပြည်သူ့အစိုးရတရပ်လည်းပေါ်ထွန်းခဲ့ပြီဖြစ်သည်။ တပြိုင်နက်တည်းပင် ပြည်သူတရပ်လုံးအနေဖြင့်လည်း ကာလရှည်ကြာစွာမျှော်လင့်စောင့်စားခဲ့ရသည့် တရားမျှတမှုနှင့် ငြိမ်းချမ်းသာယာသည့် လူမှုဘဝ အခြေအနေများ ရရှိခံစားနိုင်ရေး မျှော်လင့်ချက်များလည်းဖြစ်ပေါ်နေရသည့် ကာလလည်း ဖြစ်ပေသည်။

၃။ လက်ရှိတွင်ပြည်သူတရပ်လုံးမှမျှော်လင့်ချက်ကြီးမားစွာရှိနေသော်လည်း တိုင်းရင်းသားနယ်မြေများဖြစ်သည့် ရှမ်း၊ ကချင်နယ်မြေများတွင် အစိုးရစစ်တပ်၏ ထိုးစစ်များရပ်တန့်ခြင်းမရှိဘဲ စစ်ပွဲများဖြစ်ပွားနေခြင်း အကျိုးဆက်အဖြစ် ဒေသခံပြည်သူများသည် စစ်ဘေးဒုက္ခများ၊ လူ့အခွင့်အရေးချိုးဖေါက်ခံရမှုများ နှင့်ဆိုးရွားစွာရင်ဆိုင် နေကြရဆဲဖြစ်ပေသည်။

၄။ တတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေး နှင့်အတူ ပြည်သူတဦးချင်းငြိမ်းချမ်းလုံခြုံစွာနေထိုင်နိုင်ရေးအတွက် ပဓါနကျသော ခြေလှမ်းတရပ်မှာ တနိုင်ငံလုံး အပစ်ခတ်ရပ်စဲပြီး ယုံကြည်မှုများတည်ဆောက်လျက် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုကိုဖေါ်ဆောင်နိုင်မည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆောင်ရွက်ရေးပင် ဖြစ်သည်။

၅။ သို့ဖြစ်၍ ပြည်သူလူထုမှရွေးချယ်တင်မြှောက်လိုက်သော အစိုးရဦးဆောင်မှုအောက်တွင် စစ်တပ်မှ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ၏ နယ်မြေသို့ ထိုးစစ်ဆင်နွှဲနေမှုများ ရပ်တန့်၍ တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးကို အလျင်အမြန်ဆောင်ရွက်ပေးပါရန် ဤနှစ်သစ်ကူးအခါမယတွင် အလေးအနက် တောင်း ဆိုအပ်ပါသည်။

၆။ ထို့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သည့် အစိုးရသစ်အနေဖြင့် လက်ရှိအပစ်ရပ်အင်အားစုများ၊ နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်စဲရေးဆိုင်ရာသဘောတူညီချက်တွင် လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများ၊ ၂၀၁၅ ရွေးကောက်ပွဲအနိုင်ရတိုင်းရင်းသားပါတီများအပါအဝင် အခြားနိုင်ငံရေး ပါတီများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးကို ဆောင်ရွက်လျက်ရှိသည့် အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သော စစ်မှန်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်ဖေါ်ဆောင်ရေး နီးနှောဖလှယ်ပွဲတရပ်ခေါ်ယူခြင်းဖြင့် ပြည်သူတရပ်လုံးမျှော်လင့်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစပြုပေးပါရန် အလေးအနက် မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

၇။ နှစ်သစ်ကို ကောင်းမွန်သော ပြောင်းလဲခြင်းများဖြင့် အစပြုနိုင်ရေးအတွက် အင်အားစုအသီးသီးမှလည်း မေတ္တာတရားရှေ့ထား၍ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

ရက်စွဲ။ ။ ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့

ဆက်သွယ်ရန်

ကိုကျော်ထက် ၆၆+၈၈+၄၂၈ ၉၉၉၇

ကိုစိုးအောင် ၆၆+၈၁+၈၃၉ ၉၈၁၆